မင်းဗလူး

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု (၃)

## လူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်လက်တွဲထားရှိမှု

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုအောက်တွင် လူထုအဖွဲ့အစည်းများသည် မရှိမဖြစ်လိုအပ်သော ဇာတ်ကောင် သုံးဦးမှ တစ်ဦးဖြစ်သည်။ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လူထုအဖွဲ့အစည်းတို့သည် ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုးမြှင့်ပေးနိုင်ပြီး အစိုးရအပေါ် ယုံကြည်စိတ်ချရမှု ဖြစ်စေပါသည်။ ပြောင်းလဲခြင်း လုပ်ငန်းစဉ် တစ်ရပ်တွင် လူထုအဖွဲ့အစည်းသည် အစိုးရ၏စွမ်းဆောင်ချက်များအပေါ် မူဝါဒရေးရာ ဝေဖန်သုံးသပ်မှု၊ အကျိုး အကြောင်းဆင်ခြင်လေ့လာမှုနှင့် စောင့်ကြည့်ကြီးကြပ်မှုများကို တက်ကြွစွာလုပ်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဝန်ထမ်းများ၏လုပ်ဆောင်ချက်နှင့် အပြုအမူများကို စောင့်ကြည့်သုံးသပ်ခြင်းလည်း အပါအဝင်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းသည် လူမှုရေးလုပ်ငန်းအဖွဲ့အစည်းများ ထူထောင်ခြင်းနှင့် လူထုက စိစစ်သုံးသပ်နိုင်စွမ်း၊ လူထု၏ တန်ဖိုးထားမှုနှင့် စံများဖော်ထုတ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ပါသည်။

လူထုအဖွဲ့အစည်းသည် သီးခြားမဲဆန္ဒနယ်များတွင်ရှိသော အားနည်းသူများ၊ ဘေးဖယ်ထားခြင်းခံရ သူများနှင့် လူနည်းစုများကို နိုင်ငံရေးနှင့်အများပြည်သူရေးရာမူဝါဒလုပ်ငန်းများတွင် ပါဝင်လာစေရန် နှိုးဆော်ပေးနိုင် သည်။ ထို့အပြင် မြို့ပေါ်နှင့်ဝေးလံခေါင်းဖျားဒေသများတွင် ဆင်းရဲသူများ၊ ဒုက္ခတွေ့နေရသူများအား အမိုးအကာနှင့် အခြေခံလူမှုဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လုပ်ပေးနိုင်ပါသည်။ သို့ဖြစ်၍ လူထုအဖွဲ့အစည်းများနှင့် နီးကပ်စွာ ဆက်ဆံမှု၊ချိတ်ဆက်လက်တွဲ၍လုပ်ဆောင်မှုတို့သည်ယုံကြည်စိတ်ချရမှုကိုတိုးပွားစေပါသည်။သို့ရာတွင်အဖွဲ့အစည်း ၏ရည်ရွယ်ချက်နှင့် အမျိုးအစားကလည်းအရေးကြီးပါသည်။ အနောက်တိုင်း လူမှုအဖွဲ့အစည်းများ၏ တန်ဖိုးထားမှု များနှင့် ထုံးဓလေ့များသည် ယုံကြည်စိတ်ချရမှု၊ ပူးပေါင်းဆောင်ရွက်မှု၊အပြန်အလှန်အကျိုးပြုမှု စသည့် လူမှုအရင်း (Social Capital)ကိုလည်း တိုးပွားစေသည်။ ယင်းသည် ဒီမိုကရေစီနှင့် စီးပွားရေးကြီးပွားတိုးတက်မှုကို ဖြစ်စေ သည်ဟုဆိုကြပါသည်။ အကယ်၍အဖွဲ့အစည်းတစ်ခုသည် နိုင်ငံ၏ နိုင်ငံရေးစနစ်အပေါ် ယုံကြည်မှုလျော့နည်းလျှင် တရားမဝင်သော နိုင်ငံရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်မှု ဖြစ်လာနိုင်ပါသည်။ အလားတူ အစိုးရအပေါ် ယုံကြည်မှု လျော့နည်းလျှင် ပြည်သူလူထုသည် နိုင်ငံရေးတွင် သူတို့ကိုယ်တိုင်ပါဝင်ရန် လိုအပ်သည်ဟု မခံစားကြတော့ပါ။ သို့ရာတွင် အစိုးရသည် လူမှုအဖွဲ့အစည်းများ၏ ဖိအားကို အပြုသဘောမှန်ကန်စွာတုံ့ပြန်နိုင်ခဲ့လျှင် ပြည်သူလူထုက အစိုးရ အပေါ်ယုံကြည်စိတ်ချရမှု တိုးတက်လာနိုင်ပါသည်။

## တာဝန်ယူမှုနှင့် ထင်သာမြင်သာရှိမှုသည် အစိုးရအပေါ် ယုံကြည်မှုတိုးတက်စေသည်

တာဝန်ယူမှုရှိပြီး ထင်သာမြင်သာသော အုပ်ချုပ်ရေးအောက်တွင် အများပြည်သူတို့သည် မူဝါဒများကို သိရှိနေကြသည်။ ထိုမူဝါဒများ အကောင်အထည်ဖော်ရာတွင် သူတို့ကိုယ်တိုင်ပါဝင်နိုင်ရန် အခွင့်အရေးပိုရကြသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိနေသော အရင်းအမြစ်များကိုလည်း သူ့နေရာနှင့်သူ ထိရောက်စွာ အသုံးချပေးနိုင် သည်။ အကျင့်ပျက်ခြစားမှုနှင့် ကျင့်စဉ်မညီသောလုပ်ဆောင်မှုကို အနည်းဆုံးဖြစ်စေပါသည်။ တည်ငြိမ်မှုနှင့် အများ သဘောထား ညီညွတ်မှုကိုတိုးတက်စေပါသည်။ ဤအချက်များသည် အစိုးရနှင့် ပြည်သူလူထုအကြားတွင် ရှိရမည့် ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာတွင် လွယ်ကူချောမွေ့စေပါသည်။

အကျင့်ပျက်ခြစားမှုနှင့် တာဝန်ယူမှုမရှိခြင်းသည်နိုင်ငံရေးလုပ်ငန်းစဉ်နှင့်ယင်း၏ရလဒ်ကိုထိခိုက်စေပါသည်။ အကျင့်ပျက်ခြစားခြင်းသည် လုပ်ထုံးလုပ်နည်းအမှန်ကို လမ်းလွဲစေသည်၊ သင့်လျော်သော မူဝါဒလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အား ကန့်သတ်စေသည်။ နိုင်ငံရေးအဆောက်အအုံများ ဖြစ်ကြသော တရားစီရင်ရေး၊ လွှတ်တော်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဌာနများကို အားနည်းစေသည်။ အားလုံးပေါင်းလိုက်သော် အစိုးရအပေါ် ပြည်သူလူထု၏ယုံကြည်စိတ်ချမှု ဆုံးရှုံးခြင်းဖြစ်ပါသည်။ အကျင့်ပျက်ခြစားမှုက ပြန့်နှံ့နေပြီး၊ အစိုးရ၏တာဝန်ယူမှုနှင့် ထင်သာမြင်သာရှိမှုယန္တယားက မထိရောက်လျှင် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုက အနုတ်လက္ခဏာဖြစ်သွားပါမည်။ နိုင်ငံဝန်ထမ်းများက အကျင့်ပျက်ခြစားနေပြီး ပြည်သူလူထု၏သဘောထားအပေါ် မှန်ကန်စွာတုံ့ပြန်မှု မရှိကြပါက အများပြည်သူ၏မယုံကြည်မှုနှင့် အဆိုးမြင်မှု ကြီးထွားလာပါမည်။ တရားစီရင်ရေးတွင် အကျင့်ပျက်ခြစားမှုသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိရေးတို့ကို အယုံအကြည် ကင်းလာနိုင်ပါသည်။

အကျင့်ပျက်ခြစားမှု အလွန်အမင်းတိုးပွားလာပြီး တရားဥပဒေစိုးမိုးရေးကို လစ်လျူရှုခြင်းခံလာရသည့်အခါ ပြည်သူလူထုသည် တစ်ဦးကိုအခြားတစ်ဦးကမယုံမကြည်ဖြစ်လာကြပြီး ၎င်းမှတဆင့် အချင်းချင်းလူမှုရေးမကောင်းသတင်းဖြန့်မှုအထိ ဖြစ်လာနိုင်ပါသည်။ ဤသို့ဖြင့်လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ် မယုံကြည်စိတ်မချရမှုများ တိုးပွားလာပါမည်။ ထို့ကြောင့် အများပြည်သူဆိုင်ရာဝန်ထမ်းများသည် တရားမျှတပြီး ကောင်းမွန်သောအမူအကျင့်ရှိရန် အထူးအပ်လိုပါသည်။ အထူးသဖြင့် ရဲ၊ တရားစွဲအဖွဲ့အစည်း အစရှိသော တရားဥပဒေကို ကြပ်မတ်ပေးရသော ပုဂ္ဂိုလ်များ၏ လုပ်ဆောင်ချက်များသည် လူမှုရေးယုံကြည်စိတ်ချရမှုအပေါ် များစွာအကျိုးသက်ရောက်မှု ဖြစ်စေပါသည်။

## ပဋိပက္ခစီမံခန့်ခွဲမှု၊ ပါဝင်စေခြင်း နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် ပြန်လည်ထူထောင်မှု

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွင် ပဋိပက္ခအခြေအနေတစ်ရပ်ပေါ်ထွက်လာခြင်းသည် အချိန်ကာလအတန်ကြာအောင် ယုံကြည်စိတ်ချရမှု တဖြည်းဖြည်းချင်းပျက်စီးလာခဲ့ခြင်း၏ သက်သေခံ ရလဒ်ဖြစ်သည်ဟု ရှုမြင်သင့်ပါသည်။ပြည်သူလူထုအတွင်း လူမှုရေးယုံကြည်စိတ်ချရမှုဆုံးရှုံးခြင်းသည် အားလုံးအတွက် အပြန်အလှန်အကျိုးကျေးဇူးဖြစ်စေမည့် ရည်မှန်းချက်များကိုထိခိုက်စေသည်။ ထို့အပြင် ပြည်သူလူထု တစ်ရပ်လုံး၏ ကိုယ်စိတ် နှလုံးချမ်းသာမှုကိုလည်း ဆိုးဝါးစွာနစ်နာပျက်စီးစေပါသည်။

အကျပ်အတည်းဖြစ်နေစဉ်ကာလနှင့် အကျပ်အတည်းလွန်ကာလတွင် အုပ်ချုပ်ရေးပြန်လည်ထူထောင်ရန်နှင့် အစိုးရအပေါ် ယုံကြည်မှုပြန်လည်တည်ဆောက်ရေးသည် နိုင်ငံအလိုက်မတူညီနိုင်ပါ။ အကြောင်းတရားများစွာအပေါ်မူတည်နိုင်ပါသည်။ ပထမအချက်မှာအကျပ်အတည်းဖြစ်သောနိုင်ငံတွင် ကိုယ်ပိုင်သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေးအစဉ်အလာနှင့် ဘေးရန်များမှပြန်လည်ထူထောင်နိုင်သောစွမ်းရည်သီးခြားစီ ရှိနေကြပါသည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးကို နိုင်ငံအလိုက်သီးခြားစီဖြေရှင်းကြရမည်ဖြစ်ပါသည်။ အခြေအနေအပေါ်မူတည်၍ အလျော့အတင်း ပြုလုပ်ရသော လုပ်ငန်းစဉ်များဖြင့်လည်း ယုံကြည်မှုကို ပြန်လည် အကောင်အထည်ဖော်ကြရပါသည်။

ဒုတိယအချက်မှာ အုပ်ချုပ်ရေးအပေါ်ယုံကြည်စိတ်ချရမှု ပြန်လည်တည်ဆောက်ရာတွင် ထိုအရေးကြီးသော လုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်သည့် လူသားစွမ်းရည်ရှိရပါမည်။ နိုင်ငံအတွင်းလုံခြုံရေးနှင့် ဘေးကင်းမှုရှိစေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ညီညွတ်သော အစိုးရကို အားကောင်းစေခြင်း၊ အပေါ်ထပ် အဆောက်အအုံပြန်လည် တည်ဆောက်ခြင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများပြန်လည်လည်ပတ်စေခြင်း၊စီးပွားရေးကိုတည်ငြိမ်စေပြီးဖွံ့ဖြိုးတိုးတက် စေခြင်း၊တရားစီရင်မှုကို အားကောင်းခိုင်မာစေခြင်းနှင့် အဖွဲ့အစည်းများအတွင်းပြန်လည်ရင်ကြားစေ့စေခြင်း စသည် တို့လိုအပ်ပါသည်။

တတိယအချက်အနေဖြင့် အစိုးရသည် ပုဂ္ဂလိကနှင့်လက်တွဲ၍ ပုဂ္ဂလိကကဏ္ဍ၏ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ နည်းပညာနှင့်အသိပညာအရင်းအမြစ်များအားအများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအတွက်ပိုမိုထိရောက်မှု ဆောင်ရွက်ပေးနိုင်ရပါမည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် လူထုအဖွဲ့အစည်း များသည် ဆင်းရဲနွမ်းပါး သူများ၊ ဝေးလံခေါင်ဖျားဒေသများနှင့် တင်းမာနေသော ဒေသများသို့ အစိုးရက ပေးအပ်ရမည့် ဝန်ဆောင်မှုများကို ရောက်ရှိစေရန် ဆောင်ရွက်ပေးနိုင်ပါသည်။

စတုတ္ထအချက်သည် ယုံကြည်စိတ်ချရမှုပြန်လည်တည်ဆောက်ခြင်းဖြစ်ပါသည်။ ပဋိပက္ခအတွင်း ကွဲပြား နေခဲ့သော အသိုက်အဝန်းများကို လူမှုအခြေပြုအထောက်အကူအဖွဲ့များအဖြစ်သို့ ရောက်ရှိ စေရန်ဆောင်ရွက်ပေးရမည့် ယန္တယားသည်မရှိမဖြစ်လိုအပ်ပါသည်။ လူမှုအသိုက်အဝန်းများအတွင်း ဆွေးနွေးပြောဆိုကြစေခြင်း၊ လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားထိတွေ့မှုတိုးမြှင့်ခြင်းနှင့် အခြေခံလူမှုဝန်ဆောင်မှု လုပ်ငန်းတာဝန်များ ပေးအပ်ခြင်းတို့ဖြစ်ပါသည်။